## TMH Telecom Public Company Limited ၏ ၂၀၂၆ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၅-၂၆) ခုနှစ် ဘဏ္ဍာနှစ်အပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ကြေငြာခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် TMH Telecom Public Company Limited ၏ ၂၀၂၆ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီ၏ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို အခြေခံထားသော သုံးသပ်ထုတ်ပြန်ချက်ဖြစ်သဖြင့် ထိုဘဏ္ဍာရေးရှင်း တမ်းများနှင့်အတူ ယှဉ်တွဲ၍ ဖတ်ရှုနိုင်ပါသည်။

ငွေကြေးဖော်ပြချက်အားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

အနှစ်ချုပ်တင်ပြချက်များ

ကုမ္ပဏီ၏ ဝင်ငွေရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)

| | ဧပြီလ ၂၀၂၅ မှ မတ်လ ၂၀၂၆ | ဧပြီလ ၂၀၂၄ မှ မတ်လ ၂၀၂၅ | ပြောင်းလဲမှု % |
|---|---|---|---|
| ဝင်ငွေ | ၉,၃၄၃,၀၉၈ | ၅,၈၈၈,၀၀၈ | ၅၉% |
| ရောင်းကုန်တန်ဖိုး | (၆,၅၀၉,၀၂၄) | (၄,၈၀၂,၇၁၁) | ၃၆% |
| အကြမ်းအမြတ် | ၂,၈၃၄,၀၇၅ | ၁,၀၈၅,၂၉၇ | ၁၆၁% |
| အခြားရငွေ | ၄၄၇,၅၃၆ | ၅၄၁,၆၇၆ | (၁၇%) |
| အသုံးစရိတ်များ | (၃,၁၄၂,၀၂၈) | (၂,၈၀၃,၅၇၉) | ၁၂% |
| အစုစပ်ကုမ္ပဏီမှ (အရှုံး)/အမြတ် | ၆၈,၉၆၇ | ၉,၅၄၀ | ၆၂၃% |
| အခွန်မလျာမီ အသားတင် (အရှုံး)/အမြတ် | ၂၀၈,၅၄၉ | (၁,၁၆၇,၀၆၆) | ၁၁၈% |
| ဝင်ငွေခွန် | (၂၃,၇၂၉) | - | - |
| အခွန်လျာပြီး အသားတင် (အရှုံး)/အမြတ် | ၁၈၄,၈၂၀ | (၁,၁၆၇,၀၆၆) | ၁၁၆% |
| အခြားဝင်ငွေအလုံးစုံ | | | |
| ရင်းနှီးမြှုပ်နှံမှုအတွက် ကာလပေါက်ဈေး ညှိနှိုင်းခြင်း | ၇၁,၆၁၀ | (၁၇,၃၂၅) | ၅၁၃% |
| စုစုပေါင်းဝင်ငွေအလုံးစုံပါဝသော (အရှုံး)/အမြတ် | ၂၅၆,၄၃၀ | (၁,၁၈၄,၃၉၁) | ၁၂၂% |
| ရှယ်ယာတစ်စုဝင်ငွေ (ကျပ်) | ၁၄ | -၉၁ | - |

**Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon**
**Phone : +951 552100,552101**
**Website: www.tmhtelecom.com**

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေသည် ကျပ် (၉.၃၄) ဘီလီယံ ရရှိခဲ့ပြီး ယခင် ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်၏ ဝင်ငွေနှင့် နှိုင်းယှဉ်ပါက (၅၉) ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ထိုသို့ လုပ်ငန်း၏ စုစုပေါင်းဝင်ငွေ တိုးတက်လာရသည့် အကြောင်းအရင်းမှာ ဆက်သွယ်ရေးဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းမှ ရရှိသော ဝင်ငွေနှင့် အခြားစီမံကိန်းလုပ်ငန်းများမှ ရရှိသော ဝင်ငွေအသီးသီး တိုးတက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ကုန်ကျစရိတ်များကို ပိုမိုထိန်းချုပ်နိုင်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှုတို့ကြောင့် ယခုနှစ် (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်၏ ဝင်ငွေတိုးတက်မှုသည် (၅၉) ရာခိုင်နှုန်းရှိသော်လည်း ဝင်ငွေနှင့် တိုက်ရိုက်အချိုးကျသည့် ရောင်းကုန်တန်ဖိုးသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက (၃၆) ရာခိုင်နှုန်းသာ တိုးတက်လာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီ၏ အကြမ်းအမြတ်သည် ယခင်ဘဏ္ဍာနှစ်တွင် ကျပ် (၁.၀၉) ဘီလီယံ ရရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် ကျပ် (၂.၈၃) ဘီလီယံအထိ ရရှိခဲ့သဖြင့် ယခင်ဘဏ္ဍာနှစ်ထက် ပိုမိုတိုးတက်လာခဲ့ပါသည်။

မိုဘိုင်းစီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရရှိလာသော ကုမ္ပဏီ၏ အခြားဝင်ငွေသည် ယခုဘဏ္ဍာနှစ်တွင် ကျပ် (၀.၄၅) ဘီလီယံ ရရှိခဲ့ပြီး ပြီးခဲ့သော ဘဏ္ဍာနှစ်ထက် (၁၇) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

ကုမ္ပဏီ၏ အစုစပ်ကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar GT Broadband Co., Ltd မှ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသည့် (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်အတွက် ခွဲဝေအမြတ်ငွေ (၀.၀၇) ဘီလီယံရရှိခဲ့ပါသည်။

အခြားစီမံခန့်ခွဲမှုစရိတ်များဖြစ်သော လုပ်ငန်းလည်ပတ်စရိတ်၊ စီမံရေးရာနှင့် အထွေထွေကုန်ကျစရိတ်၊ အရောင်းမြှင့်တင်ရေးဆိုင်ရာ ကုန်ကျစရိတ်များကို စီစစ်သုံးစွဲခဲ့သောကြောင့် ယခင်ဘဏ္ဍာနှစ်အသုံးစရိတ်နှင့် နှိုင်းယှဉ်ပါက (၁၂) ရာခိုင်နှုန်းသာ ပိုမိုသုံးစွဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပြီးခဲ့သော (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်တွင် အရှုံးဖြစ်ပေါ်ခဲ့ရာမှ ယခု (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်တွင် ကျပ် (၀.၁၈) ဘီလီယံ အမြတ်ပေါ်ထွန်းခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို သတ်မှတ်ရာတွင် ကုမ္ပဏီမှ First Myanmar Investment Co., Ltd (FMI) တွင်ဝယ်ယူထားသော အစုရှယ်ယာများကို မြန်မာနိုင်ငံ စာရင်းကိုင်စံသတ်မှတ်ချက် အတိုင်း လိုက်နာဆောင်ရွက်ပြီး ထိုရပိုင်ခွင့်များကို ယခုဘဏ္ဍာနှစ် စာရင်းပိတ်ချိန်ရှိ အစုရှယ်ယာဈေးကွက်တွင် ဖော်ပြထားသည့် ဈေးနှုန်းနှင့်အညီ တန်ဖိုးပြန်လည် သတ်မှတ်ထားခြင်းဖြစ်ပါသည်။

**ဖုန်းငွေဖြည့်ကတ်လုပ်ငန်း ပိတ်သိမ်းခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ပယ်ဖျက်ခြင်း**

ကုမ္ပဏီသည် ဖုန်းငွေဖြည့်ကတ် ထုတ်လုပ်၊ ရောင်းချ၊ ဖြန့်ဖြူးသည့် လုပ်ငန်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် အပြီးတိုင် ရပ်နားပိတ်သိမ်းခဲ့ပါသည်။ လုပ်ငန်းပိတ်သိမ်းရခြင်း၏ အဓိကအကြောင်းအရင်းများမှာ -

၁။ စီးပွါးရေးရပ်ဝန်း ပြောင်းလဲလာမှုကြောင့် သုံးစွဲသူများသည် ဖုန်းငွေဖြည့်ကတ်များ ဝယ်ယူအသုံးပြုခြင်းထက် အခြားသော ငွေဖြည့်ခြင်းနည်းလမ်းများကို ပိုမိုသုံးစွဲလာခြင်း (ဥပမာ - Kpay, AYA Pay အစရှိသည့် မိုဘိုင်းငွေဖြည့်ခြင်းနည်းလမ်းသုံးစွဲခြင်း) ကြောင့် ရောင်းအားကျဆင်းလာခြင်း။

၂။ ကုမ္ပဏီ၏ အဓိက ငွေဖြည့်ကတ် တင်ပို့ရောင်းချသည့် ဒေသများတွင် ဒေသတွင်း မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ရောင်းချပြီးသော ငွေဖြည့်ကတ်များ၏ ရောင်းရငွေများအား ကောက်ခံရာတွင် အခက်အခဲများ ဖြစ်ပေါ်လာခြင်း။

၃။ အထက်ဖော်ပြပါ အခြေအနေများကြောင့် လုပ်ငန်း၏ အမြတ်အစွန်းနှင့် ငွေကြေးစီးဆင်းမှုအပေါ် ထိခိုက်နိုင်ခြေများ တိုးပွားလာပြီး ဆုံးရှုံးနိုင်ခြေများ ပြားလာခြင်း

၄။ ယခင် (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ်တွင် ဖုန်းငွေဖြည့်ကတ်ထုတ်လုပ်၊ ဖြန့်ဖြူး ၊ ရောင်းချခြင်းလုပ်ငန်းမှ ဝင်ငွေမှာ လုပ်ငန်းအားလုံး၏ စုစုပေါင်း (၅% ) ရာခိုင်နှုန်းသာရှိခြင်းတို့ကြောင့် လုပ်ငန်းရပ်ဆိုင်းခဲ့ရပါသည်။

**ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)**

| | ဧပြီလ ၂၀၂၅ မှ မတ်လ ၂၀၂၆ | ဧပြီလ ၂၀၂၄ မှ မတ်လ ၂၀၂၅ | ပြောင်းလဲမှု % |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ | ၂,၈၂၄,၄၇၁ | ၂,၉၀၃,၀၅၇ | ၁% |
| လက်ငင်းရပိုင်ခွင့်များ | ၁၂,၇၂၅,၇၃၂ | ၁၀,၈၄၅,၃၈၆ | ၁၇% |
| **စုစုပေါင်း ရပိုင်ခွင့်များ** | **၁၅,၆၅၀,၂၀၄** | **၁၃,၇၄၈,၄၄၃** | **၁၄%** |
| **ရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | | | |
| ရင်းနှီးငွေ | ၁၃,၁၀၅,၈၇၈ | ၁၂,၈၄၉,၄၄၇ | ၂% |
| လက်ငင်းပေးရန်တာဝန်များ | ၂,၅၄၄,၃၂၆ | ၈၉၈,၉၉၆ | ၁၈၃% |
| **စုစုပေါင်းရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | **၁၅,၆၅၀,၂၀၄** | **၁၃,၇၄၈,၄၄၃** | **၁၄%** |

ကုမ္ပဏီ၏ လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ယခုဘဏ္ဍာနှစ်တွင် ငွေကျပ် (၁၂.၇၃) ဘီလီယံ ရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ရှိ ငွေကျပ် (၁၀.၈၅) ဘီလီယံနှင့် နှိုင်းယှဉ်ပါက (၁၇) ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ ထိုကဲ့သို့ တိုးမြင့်လာရခြင်းမှာ စီမံကိန်းလုပ်ငန်းသုံး ပစ္စည်းဝယ်ယူမှုနှင့် ကန်ထရိုက်တာများအတွက် ကြိုတင်စိုက်ထုတ်ငွေများကြောင့် ဖြစ်ပါသည်။

လက်ငင်းမဟုတ်သော ရပိုင်ခွင့်များသည် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်တွင် ငွေကျပ် (၂.၈၂) ဘီလီယံ ရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ရှိ ငွေကျပ် (၂.၉၀) ဘီလီယံနှင့် နှိုင်းယှဉ်ပါက (၁) ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ ထိုကဲ့သို့ တိုးတက်လာရသည့် အကြောင်းအရင်းမှာ ကုမ္ပဏီ၏ အစုစပ်ကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar GT Broadband Company Limited မှ ရရှိသည့် အမြတ်ဝေစု တိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီ၏ လက်ငင်းပေးရန်တာဝန်များသည် ယခင် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်တွင် ကျပ် (၀.၉၀) ဘီလီယံ ရှိခဲ့ရာမှ ယခု (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်တွင် ကျပ် (၂.၅၄) ဘီလီယံအထိ တိုးမြင့်လာခဲ့ပါသည်။ ထိုကဲ့သို့ တိုးမြင့်လာရသည့် အကြောင်းအရင်းမှာ ပေးဆောင်ရန် လျာထားသော အခွန်အခများနှင့် စီမံကိန်းလုပ်ငန်းများ ပြီးစီးချိန်တွင် ဝင်ငွေအဖြစ် ပြောင်းလဲစာရင်းရေးသွင်းရမည့် ကြိုတင်ရရှိသော ဝင်ငွေများကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ယခုဘဏ္ဍာနှစ်တွင် အသားတင်အမြတ် ကျပ် (၀.၁၈) ဘီလီယံ ရရှိခဲ့ခြင်းကြောင့် ကုမ္ပဏီ၏ မတည်ရင်းနှီးငွေသည် ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက (၂) ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။

**သုံးသပ်ချက်နှင့်အလားအလာ**

တီအမ်အိတ်ချ် တယ်လီကွမ်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့မှ တင်ပြလိုသည်မှာ ကုမ္ပဏီသည် (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်တွင် မသေချာမရေရာမှုများ ရှိခဲ့သော်လည်း အသုံးစရိတ်များကို စိစစ်သုံးစွဲစေခြင်း၊ စီမံကိန်းလုပ်ငန်းသစ်များကို တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေများသော လုပ်ငန်းများကို ရပ်ဆိုင်းခြင်း တို့ကို စိစစ်ဆောင်ရွက်၍ အစဉ်တစိုက်ကြိုးပမ်းခဲ့ပါသည်။

ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုအဖွဲ့သည် လုပ်ငန်းလုပ်ဆောင်သူများနှင့် လက်တွဲညီညီပူးပေါင်း ဆောင်ရွက်မှုကြောင့် (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်တွင် ယခင် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ဝင်ငွေ ၅၉ရာခိုင်နှုန်းတိုးတက်လာခြင်း ၊ အသားတင် အမြတ်ငွေ ၁၁၆ရာခိုင်နှုန်း တိုးတက်လာခြင်း အစရှိသည့် ကောင်းမွန်သိသာသည့် ရလဒ်များကို ရရှိခဲ့ပါသည် ။

ဒါရိုက်တာအဖွဲ့အနေဖြင့် အစုရှယ်ယာရှင်များနှင့် အကျိုးသက်ဆိုင်သူများအားလုံးသို့ တင်ပြလိုသည်မှာ လာမည့်ဘဏ္ဍာနှစ်များတွင်လည်း ပိုမိုကောင်းမွန်သော ရလဒ်များ ရရှိစေရန် အားနည်းချက်၊အားသာချက်များကို စိစစ်သုံးသပ်၍ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်မည်ကြောင်းတင်ပြလိုပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

သီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

TMH Telecom Public Company Limited

၂၀၂၆ခုနှစ် ၊ ဇွန်လ ၃၀ ရက်။

**Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon**
**Phone : +951 552100,552101**
**Website: www.tmhtelecom.com**